# လူ့အခွင့်အရေးချိုးဖောက်မှုများအား

# မှတ်တမ်းတင်ခြင်း(အခြေခံ)

# သင်တန်းနည်းပြလက်စွဲ

# ပုံနှိပ်မှတ်တမ်း

မူပိုင်ခွင့် – လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

ထုတ်ဝေသည့် နေ့ရက် – ၂၀၂၂ ခုနှစ် ဇွန်လ (၃၁)ရက်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | **အမှာစာ** | ၄ |
| ၂။ | **အခန်း(၁) လူ့အခွင့်အရေးသင်ခန်းစာ** | ၅ |
| | ● လူ့အခွင့်အရေးအဓိပ္ပါယ် | ၅ |
| | ● လူ့အခွင့်အရေးချိုးဖောက်မှု | ၁၀ |
| ၃။ | **အခန်း(၂)မှတ်တမ်းတင်ခြင်း** | ၁၂ |
| | ● မှတ်တမ်းတင်ခြင်းဆိုသည်မှာအဘယ်နည်း | ၁၂ |
| | ● ရာဇဝတ်မှုမြောက်ကြောင်း ဖော်ပြသည့်အခြေခံအချက်များ | ၁၆ |
| | ● မေးခွန်းပြင်ဆင်ခြင်း | ၂၅ |
| | ● အမြင်ဆိုင်ရာအချက်အလက်များ ကောက်ယူစုဆောင်းခြင်း | ၂၆ |
| | ● အန္တရာယ်ဖြစ်စေနိုင်သော အခြေအနေများ | ၂၈ |
| ၄။ | **အခန်း(၃) နိုင်ငံတကာဥပဒေနှင့် တရားစီရင်ရေး ယန္တရားများ** | ၃၁ |
| | ● နိုင်ငံတကာဥပဒေများ | ၃၁ |
| | ● တရားစီရင်ရေး ယန္တရားများ | ၃၂ |

# အမှာစာ

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) ND–Burma အနေဖြင့် မြန်မာနိုင်ငံတွင်း လူ့အခွင့်အ ရေး ချိုးဖောက်မှုများ မှတ်တမ်းတင်သည့်လုပ်ငန်းကို ကွန်ရက်စတင်ဖွဲ့စည်းခဲ့သည့် ၂၀၀၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ သည်။

ကွန်ရက်အဖွဲ့ဝင်များ အခြေစိုက်ရာဒေသများသည် ပြည်တွင်းစစ်ဖြစ်ပွားရာဒေသများဖြစ်ပြီး တိုက်ပွဲများ နှင့် နောက်ဆက်တွဲ လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်နေသကဲ့သို့ တချို့ ကွန်ရက်အဖွဲ့ဝင်များမှာ အကြောင်းအရာကို အခြေခံ၍ မှတ်တမ်းတင်နေသည့် အဖွဲ့များရှိသည်။

မြန်မာနိုင်ငံ၏ နှစ်ပေါင်း ၇၀ ကျော် ပြည်တွင်းစစ်တလျှောက် တိုင်းရင်းသားဒေသများရှိ ပြည်သူလူထု သည် စစ်ပွဲများ၏ အနိဋ္ဌာရုံနှင့် စစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုကို နှစ်ပေါင်းများစွာ ခံစားကြရသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်တပ်မှ အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံ တဝှမ်းလုံးရှိ ပြည်သူလူထုအားလုံးမှာ စစ် အာဏာရှင်တို့၏ အပြင်းအထန် ဖိနှိပ်မှုနှင့် လူ့အခွင့်အ ရေးချိုးဖောက်မှုများကို ခံစားကြရသည်။

ထိုအခြေအနေတွင် စစ်အာဏာရှင်တို့၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို စနစ်တကျ မှတ်တမ်းတင် ခြင်းဖြင့် နစ်နာခဲ့သူများအတွက် အမှန်တရားနှင့် တရားမျှတမှုဖော်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူ့ အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့သည့် လူ့အခွင့်အရေးမှတ်တမ်း တင်ခြင်းသင်တန်းနှင့် မြေပြင်တွင်လက်တွေ့ မှတ်တမ်းတင်ခဲ့သည့် အတွေ့အကြုံများအပေါ် အခြေခံ၍ ယခု သင်တန်းနည်းပြလက်စွဲကို ခေတ်နှင့်အညီ မွမ်းမံ ထုတ်ဝေခြင်းဖြစ်ပါသည်။

ဆက်လက်၍လည်း လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်း သင်တန်းနည်းပြ (မွမ်းမံ) ကိုလည်း ထပ်မံ ထုတ် ဝေရန်ပြင်ဆင်လျှက်ရှိပါသည်။

ယခု သင်တန်းနည်းပြလက်စွဲ ထုတ်ဝေနိုင်ရန် ကြိုးပမ်းပေးကြသော သင်တန်းအဖွဲ့နှင့် ပါဝင်ဆောင် ရွက် ကြသူအားလုံးအား အထူးကျေးဇူးတင်ရှိပါသည်။

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

၂၀၂၂ ခုနှစ် ဇွန်လ

# အခန်း(၁) လူ့အခွင့်အရေးသင်ခန်းစာ
# လူ့အခွင့်အရေးအဓိပ္ပာယ်

**ရည်ရွယ်ချက်**

- ■ လူ့ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေး အဓိပ္ပာယ် ဆက်စပ်ပုံ နားလည်စေရန်
- ■ လူ့အခွင့်အရေး အခြေခံ အချက် (၄) ချက် သိရှိနားလည်လာစေရန်
- ■ ကုလသမဂ္ဂ၏ လူ့အခွင့်အရေး အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သိရှိစေရန်

မှတ်တမ်းတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပထမဦးစွာ လူ့အခွင့်အရေးအခြေခံ သဘောတရားများသိရှိ လေ့လာရန် လိုအပ်သည်။ လူ့အခွင့်အရေးဆိုင်ရာ အခြေခံအချက်များ၊ အစိုးရမှ လေးစားလိုက်နာကာကွယ်ပေးရမည့် တာဝန်များ၊ ပြည်သူလူထုမှ လိုက်နာဆောင်ရွက်ရန်နှင့် လူ့အခွင့်အရေးချိုးဖောက်ခံရပါကတုန့်ပြန်ဆောင်ရွက်ရမည့် နည်းလမ်းများကို သိရှိမှသာလျှင် လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်း ဆိုသည်ကို ကွဲကွဲပြားပြား သိလာမည်ဖြစ်သည်။

**လှုပ်ရှားမှု – ၁၊ (၂၀) မိနစ်** 

- လူ့အခွင့်အရေးဆိုတာ ဘာလဲ၊ ဘယ်လိုနားလည်ထားလဲ ဆိုတဲ့ မေးခွန်းဖြင့် အုပ်စုကြီးအတွင်းသာ ဆွေးနွေးစေရန်
- သင်တန်းသားများဘက်မှ ဆွေးနွေးချက်များကို ဦးဆောင်သူမှ ပြန်လည် အနှစ်ချုပ်ဆွေးနွေးရန်

လူ့အခွင့်အရေးဆိုသည်ကို လွယ်လွယ်နှင့်ပြောရလျှင် "လူတိုင်း မွေးရာပါဂုဏ်သိက္ခာနှင့်အညီ နေထိုင်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သော အခြေခံလိုအပ်ချက်များ" ဟု ဆိုကြသည်။

**အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း၊ (၃၀) မိနစ်** 

လူ့အခွင့်အရေးဆိုသည်ကို တိတိကျကျဖော်ပြရန် ခက်ခဲသော်လည်း နားလည်နိုင်မည့်နည်းဖြင့် ဖော်ပြရလျှင်–

- လူတိုင်း မွေးရာပါ လူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်နိုင်ရန် မရှိမဖြစ် လိုအပ်သည့် အခြေခံလိုအပ်ချက်များဖြစ်သည်။
- ကြောက်ရွံ့ရခြင်းမှ ကင်းဝေးခြင်း (လုံခြုံမှု)

- တောင့်တခြင်းမှ ကင်းဝေးခြင်း (ဖူလုံမှု)

**လူ့အခွင့်အရေး အခြေခံ အချက် (၄) ချက်**

- လူသားတိုင်းအတွက် မွေးရာပါ အခွင့်အရေးဖြစ်သည်
- လူသားအားလုံးနှင့် သက်ဆိုင်သည် (လူမျိုး၊ ဘာသာ၊ အသားအရောင်၊ လိင်ကွဲပြားမှု အပေါ် ဆက်ဆံ ခွဲခြားခြင်း မရှိစေရ)
- မည်သူမှ ယူဆောင်သိမ်းပိုက်၍မရ၊ ဝယ်ယူ၍ မရ
- တစ်ခုနှင့် တစ်ခု အပြန်အလှန် ဆက်စပ်နေသည်

**ကုလသမဂ္ဂ၏ လူ့အခွင့်အရေးအဓိပ္ပာယ်ဖွင့်ဆိုချက်**

- လူသားအားလုံးနှင့်သက်ဆိုင်ပြီး တစ်ဦးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ၎င်းတို့၏အခြေခံ လွတ်လပ်ခွင့်များနှင့် လူ့ဂုဏ်သိက္ခာများကို မထိခိုက်စေရန် ကာကွယ်ပေးထားသော တရားရေးဆိုင်ရာ အာမခံချက်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်းကို ၁၉၄၈ ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ပြဋ္ဌာန်းထားပြီး စုစုပေါင်း အပိုဒ်ပေါင်း (၃၀) ပါဝင်သည်။ အပိုဒ် (၁ နဲ့ ၂) အဓိပ္ပာယ်ဖွင့်ဆိုချက်၊ အပိုဒ် (၃ မှ ၂၇) အထိ လူသားအားလုံးအတွက် အခွင့်အရေး၊ အပိုဒ် (၂၈ မှ ၃၀) အထိ အစိုးရအပါအဝင် လူတိုင်း လေးစားလိုက်နာ ရ မည့် တာဝန်ဆိုပြီး ဖော်ပြထားပါတယ်။



**နည်းပြ မှတ်ချက်**

အထက်ပါ လုပ်ဆောင်ချက်များ လုပ်ဆောင်ပြီးပါက UDHR အပိုဒ် (၃၀) ပါ ဗီဒီယိုပြသရန်၊ https://www.youtube.com/watch?v=lMS32-xy1SI ဗီဒီယိုပါ အပိုဒ်ထဲမှ နားမလည်သော အပိုဒ် ရှုပ်ထွေးနေသော အပိုဒ်ဆွဲထုတ်ပြီး ရှင်းပြရန်၊ အပိုဒ် (၃၀) စလုံး ရှင်းပြရန် မလိုအပ်။

**လှုပ်ရှားမှု – ၂၊ (၁၀) မိနစ်** 

သင်တန်းသားများအား အောက်ပါမေးခွန်းများကို ဆွေးနွေးစေပါ။

- လူ့အခွင့်အရေးလေးစားလိုက်နာရန်အတွက် အစိုးရ၏ တာဝန်များမှာ အဘယ်နည်း?
- ပြည်သူ့တာဝန်များမှာ အဘယ်နည်း?
- သင်တန်းသားများ၏ ဆွေးနွေးချက်များကို နည်းပြမှ အနှစ်ချုပ်ပြန်လည်ဆွေးနွေးစေရန်။

### အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း၊ (၁၀) မိနစ်

လူ့အခွင့်အရေးဆိုင်ရာ အကြောင်းအရာများ လေ့လာရာတွင် အစိုးရအနေဖြင့် လုပ်ဆောင်ပေးရမည့် တာဝန်များရှိပြီး ပြည်သူလူထုအနေဖြင့်လည်း လုပ်ဆောင်ရမည့် အပိုင်းများရှိသည်။ အဆိုပါအပိုင်းများနှင့် ပတ်သက်ပြီး ဆက်လက်လေ့လာရာတွင် အောက်ပါအတိုင်းဖြစ်သည်။

### အစိုးရအနေဖြင့် လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး လုပ်ဆောင်ပေးရာတွင်

- လေးစားခြင်း
- ကာကွယ်ခြင်း
- ဖြည့်ဆည်းပေးခြင်း ဆိုသည့် တာဝန်ရှိသည်။

ထိုနည်းတူစွာ အစိုးရမှ လုပ်ဆောင်ပေးရမည့် တာဝန်ရှိသကဲ့သို့ တချို့ လုပ်ငန်းများနှင့် ပတ်သက်ပြီး ပြည်သူလူ ထု အနေနှင့်လည်း လုပ်ဆောင်နိုင်သည့် လုပ်ငန်းများရှိသည်။

- ပညာပေးခြင်း
- မှတ်တမ်းတင်ခြင်း
- စည်းရုံးလှုံ့ဆော်ခြင်း ဆိုသည့် လုပ်ငန်းများဖြစ်သည်။



**မှတ်ချက်**

ဦးဆောင်သူ ရှင်းပြပြီးနောက် အထက်ပါ UDHR အကြောင်းရှင်းပြထားသည့် ဗီဒီယို https://www.youtube.com/watch?v=lMS32-xy1SI ကိုပြန်လည်ပြသရန်။

လူ့အခွင့်အရေးဆိုင်ရာ အကြောင်းအရာတွေနှင့် ပတ်သက်၍ လေ့လာပြီးသည့်နောက်တွင် လူ့အခွင့်အရေး ပေါ်ပေါက်လာသည့် သမိုင်းကြောင်းများကိုလည်း ဆက်လက် လေ့လာရန် လိုအပ်သည်။

**Break time ပေးရန် (၅) မိနစ်**



လူ့အခွင့်အရေးသမိုင်းကြောင်း

ရည်ရွယ်ချက်

လူ့အခွင့်အရေးသမိုင်းကြောင်း-UDHR ပေါ်ပေါက်လာပုံ သိရှိနားလည်စေရန်

### လှုပ်ရှားမှု – ၁၊ (၁၅) မိနစ်

- မိမိကိုးကွယ်သည့် ဘာသာသော်လည်းကောင်း၊ ဓလေ့ထုံးတမ်း၊ အယူအဆတွင် လူ့အခွင့်အရေးဆိုသည့် စကားလုံးတိုက်ရိုက် မပါသော်လည်း ထိုနည်းတူစွာ ကျင့်သုံးနေသည့် ဆုံးမချက်များ၊ စကားပုံများ၊ ကဗျာများစသဖြင့် ဆွေးနွေးဖလှယ်စေရန်
- ဦးဆောင်သူမှ ဆွေးနွေးချက်များအပေါ် အနှစ်ချုပ်ဆွေးနွေးရန်

### အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း – ၁၊ (၂၀) မိနစ်

လူ့အခွင့်အရေးသမိုင်းကြောင်းကို လေ့လာကြည့်ရာတွင် နိုင်ငံတကာအဆင့်အနေဖြင့် ရှေးယခင် ကတည်းက လူ့အခွင့်အရေးဆိုသည့် စကားလုံး မသုံးနှုန်းခဲ့သော်လည်း ဖိနှိပ်မှုလျော့နည်းစေရန်နှင့် ခွဲခြားမှုမရှိစေရန် အခြေခံ၍ တိုက်ပွဲဝင် တော်လှန်လာခဲ့သည့် သာဓကများရှိခဲ့သည်။

- ဟာဘူရာဘီကိုဥပဒေ (မျက်လုံးတစ်လုံးဆိုလျှင် မျက်လုံးတစ်လုံးခြင်း ပြန်လျော်ရမည်)
- ၁၂၁၅ အင်္ဂလန်နိုင်ငံတွင် ပေါ်ပေါက်ခဲ့သော မဂ္ဂကာတာစာချုပ်သည် ဘုရင်ကို သက်ဦးဆံပိုင် ဘုရင်စနစ်မှ အာဏာကို လျော့ချပစ်သည့် လူ့အခွင့်အရေးနှင့် ပတ်သက်သည့် ပထမဆုံး စာချုပ်
- ၁၆၈၉ တွင် အင်္ဂလန်နိုင်ငံတွင် ဖိနှိပ်ချုပ်ချယ်သော ဘုရင်စနစ် ထပ်မံပေါ်ပေါက်လာရာ၊ လူထုမှ တော်လှန်ခဲ့ပြီးနောက်၊ အင်္ဂလိပ် လူ့အခွင့်အရေးဥပဒေ ပေါ်ပေါက်လာ (England Bill of Rights)
- ၁၇၈၉ ခုနှစ်တွင် ပြင်သစ်တော်လှန်ရေးဖြစ်ပေါ်၊ ပြင်သစ် နိုင်ငံသားနှင့်လူသားအခွင့်အရေး ကြေငြာ စာတမ်း ပေါ်လာ၊



**မှတ်ချက်**

လူ့အခွင့်အရေးပေါ်ပေါက်လာပုံ သမိုင်းကြောင်းရှင်းပြပြီးနောက် UDHR ပါအချက်များသည် စာတမ်းသာဖြစ်သည့်အတွက် စည်းကမ်းသဘောမျိုးသားဖြစ်သည်။ စည်းနှောင်အားမရှိ၊ မလိုက်နာပါက ချိုးဖောက်ပါက အရေးယူဆောင်ရွက်၍ မရသည့်အတွက် လူ့အခွင့်အရေးဆိုင်ရာ နောက်ဆက်တွဲ စာချုပ် ICCPR, ICESCR များ ပေါ်ပေါက်လာသည်။ ထို့အပြင် လူ့အခွင့်အရေးနှင့် ဆက်စပ်ပြီး နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ (International Human Rights Law) များလည်း ပေါ်ပေါက်လာသည်။

### အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း – ၂၊ (၁၀) မိနစ်

၁။ စီးပွားရေး လူမှုရေး ယဉ်ကျေးမှုဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (International Covenant of Economic, Social and Culture Rights)

၂။ နိုင်ငံတကာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာစာချုပ် (International Covenant on Civil and Political Rights)

၃။ အမျိုးသမီးများအပေါ် နည်းပေါင်းစုံဖြင့် ခွဲခြားဆန့်ကျင်ခြင်း ပပျောက်စေရေး သဘောတူစာချုပ် (Convention on the Elimination of All Forms of Discrimination Against Women–CEDAW)

၄။ နည်းမျိုးစုံဖြင့် လူမျိုးရေးအရ ခွဲခြားဆက်ဆံမှုများ ပပျောက်ရေး သဘာတူစာချုပ် (Convention on the Elimination of All Forms of Racial Discrimination)

၅။ ညှဉ်းပန်းနှိပ်စက်မှု ပပျောက်ရေး သဘောတူစာချုပ် (Convention Against Torture)

၆။ ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ စာချုပ် (Convention on the Rights of the Child)

၇။ လက်နက်ကိုင် ပဋိပက္ခများတွင် ကလေးသူငယ်များပါဝင်မှုဆိုင်ရာ သဘောတူစာချုပ် (Optional Protocol to the Convention on the rights of the Child on the involvement of children in armed conflict)

၈။ ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့၏မိသားစုများ၏ အခွင့်အရေးများ ကာကွယ်ရေးဆိုင်ရာ အပြည်ပြည်ဆိုင် ရာ သဘောတူစာချုပ် (International Convention on the Protection of the Rights of All Migrant Workers and Members of their Families)

၉။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of Persons with Disabilities)

**မြန်မာနိုင်ငံက လက်မှတ်ထိုးထားသည့် စာချုပ် ဘယ်နှစ်ခုရှိသနည်း? မည်သည့်စာချုပ်များ ဖြစ်သနည်း?**

- မြန်မာနိုင်ငံ က စာချုပ် ၄ ခု လက်မှတ်ထိုးထားသည် (ICESCR, CEDAW, CRC, CRPD)

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်းအရ လူတိုင်းသည် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ခံစားပိုင်ခွင့်ရှိသော်လည်း လက်တွေ့တွင် လူ့အခွင့်အရေးချိုးဖောက်မှုများစွာ ရှိသည်ကိုတွေ့နေရသည်။ သို့သော်လည်း လူ့အခွင့်အရေးချိုးဖောက်ခံနေရသော်လည်း ချိုးဖောက်မှန်းမသိသည့်အခါမျိုးတွင် ဝဋ်ကြွေးရှိ၍၊ အတိတ်ကပြုခဲ့သမျှ ပြန်ခံရသည်ဆိုသည့် အတွေးဖြင့် ကြိတ်မှိတ်ဖြေဖျောက်ရန် ကြိုးစားလေ့ရှိကြသည်။ ထို့ ကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုဆိုသည်မှာ အဘယ်နည်း၊ ချိုးဖောက်မှုများ မတွေ့ကြုံစေရန်နှင့် အကယ်၍ ချိုးဖောက်ခံရပါကလည်း မည်သို့တိုင်ကြား ဖြေရှင်းမည်တို့ကို သိထားရန် လိုအပ်သည်။

**Break time ပေးရန် (၅) မိနစ်** 

# လူ့အခွင့်အရေးချိုးဖောက်မှု

**ရည်ရွယ်ချက်**

- လူ့အခွင့်အရေးချိုးဖောက်မှုနှင့် သာမာန်ရာဇဝတ်မှုကို ကွဲပြားစွာ သိရှိနားလည်လာစေရန်။
- အစိုးရ၏ ပါဝင်ပတ်သက်မှု (State Actor)၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၏ ပါဝင်ပတ်သက်မှု (Non State Actor) နှင့် သာမန်အရပ်သားတို့၏ ကျူးလွန်မှုများကို ခွဲခြားတတ်စေရန် ဖြစ်သည်။

**လှုပ်ရှားမှု – ၁၊ (၂၀) မိနစ်**



သင်တန်းသားများကို အဖွဲ့ ၂ ခု ခွဲပါ။ ထို့နောက်

- အဖွဲ့ (၁) လူ့အခွင့်အရေးချိုးဖောက်မှုဆိုတာဘာလဲ၊ ဘယ်လိုနားလည်လဲ
- အဖွဲ့ (၂) သာမန်ရာဇဝတ်မှုဆိုတာဘာလဲ၊ ဘယ်လိုနားလည်လဲ

ရရှိလာသည့် ဆွေးနွေးချက်များကို အဖွဲ့လိုက် ပြန်လည်တင်ပြစေပြီး ဦးဆောင်သူမှ ဆွေးနွေးအနှစ်ချုပ်ပေးရန်။

လူ့အခွင့်အရေးချိုးဖောက်မှုဆိုရာတွင် သာမာန်ရာဇဝတ်မှုနှင့် ရောနှောလေ့ရှိသည်။ လူ့အခွင့်အရေးချိုးဖောက်မှု ဆိုသည်မှာ ချိုးဖောက်ခံရသော်လည်း အမှန်တရားနှင့် တရားမျှတမှု ရှာဖွေရန် ခက်ခဲသည့် အခြေအနေမျိုးတွင် ဖြစ်လေ့ရှိသည် ဥပမာ–တရားဥပဒေ စိုးမိုးမှု မရှိခြင်းနှင့် တရားစီရင်ရေးစနစ် ပျက်စီးပြိုလဲနေခြင်း၊ ပြစ်ဒဏ်ကင်းလွတ်ခွင့်ခလေ့တို့ကြောင့် ရာဇဝတ်မှုကျူးလွန်သူ (လူ့အခွင့်အရေးချိုးဖောက်သူ)အား တရားစွဲ၍မရခြင်း၊ တာဝန်ယူ တာဝန်ခံရန် ဆောင်ရွက်မရခြင်းတို့ကြောင့်ဖြစ်သည်။

သာမန် ရာဇဝတ်မှုသည် အရပ်ထဲတွင် အရပ်သားအချင်းချင်းဖြစ်ပွားသည့် ရာဇဝတ်မှုဖြစ်ပြီး သက်ဆိုင်ရာ ရာဇဝတ်ဥပဒေအရ တရားရင်ဆိုင် ဖြေရှင်းကြသည် ဥပမာ– လူသတ်မှု၊ ခိုးမှု၊ ဓားပြမှု စသဖြင့်။

**အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း၊ (၁၀) မိနစ်**



လူ့အခွင့်အရေးချိုးဖောက်မှုဆိုသည်မှာ–

- သာမန်အရပ်သားအချင်းချင်း ကျူးလွန်သည့် ပြစ်မှုမျိုးကို မဆိုလိုပါ။
- ပြည်သူလူထုအား အကာအကွယ်ပေးရမည့် အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့် (အစိုးရ၊ တရားရေးရဲ၊ စစ်တပ်)မှ ကျူးလွန်ပြီးတာဝန်ခံ၊ တာဝန်ယူမှု မရှိသည့် ပြစ်မှုများဖြစ်သည်။ ဒေသတွင်း လှုပ်ရှားနေသည့် အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများမှလည်း ကျူးလွန်နိုင်သည်။

သာမာန်ရာဇဝတ်မှုဆိုသည်မှာ–

- အရပ်သားပြည်သူ အချင်းချင်းကြား ဖြစ်ပွားသည့် ပဋိပက္ခပြဿနာများ ဖြစ်သည်။
- သက်ဆိုင်ရာ ဥပဒေအရ တရားရုံးတွင် တရားစွဲဆိုနိုင်သော အမှုကိစ္စရပ်များဖြစ်သည်။

**လှုပ်ရှားမှု – ၂၊ (၁၅) မိနစ်**

သင်တန်းသားများအား လူ့အခွင့်အရေးချိုးဖောက်မှုနှင့် သာမန်ရာဇဝတ်မှုကိစ္စများကို စာကြောင်းတိုများ ရေးသားပြီး မည်သည်က လူ့အခွင့်အရေးချိုးဖောက်မှု၊ မည်သည်က သာမာန်ရာဇဝတ်မှု ဆိုသည်ကို ခွဲခြား ခိုင်းပါ။

- ရွာသား နှစ်ဦး စကားများရန်ဖြစ်ပြီး ဓားခုတ်မှုဖြစ်ပွား
- စစ်သားများမှ ကျေးရွာအတွင်းရှိ မိန်းကလေးအား အဓမ္မပြုကျင့်
- မောင်မောင်သည် သူ၏ ဦးလေးအိမ်ကို မီးရှို့ဖျက်ဆီးခဲ့သည်
- ထောက်လှမ်းရေးအဖွဲ့မှ အိမ်တစ်အိမ်ဝင်ပြီး ပစ္စည်းများ မွှေနှောက်ဖျက်ဆီး
- ရဲတပ်ဖွဲ့ဝင်များသည် မခင်၏ အိီးမေးလ်ကို ကြားဖြတ်ဝင်ရောက်ဖတ်ရှုခဲ့သည်။



**မှတ်ချက်**

အထက်ပါ အကြောင်းအရာနှင့် ပတ်သက်၍ မိမိထည့်လိုသော စာကြောင်း ထပ်မံဖြည့်စွက် ရေးသားနိုင်သည်။ နည်းပြအနေဖြင့် လူမှုအသိုင်းအဝန်းအတွင်းဖြစ်ပွားလေ့ရှိသည့် ကိစ္စရပ်များအပေါ် အခြေပြု ၍ ဥပမာပေးကာ ရှင်းလင်းပြောဆိုရန်။

**အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း၊ (၁၀) မိနစ်**

- လူ့အခွင့်အရေးချိုးဖောက်မှုနှင့် သာမန်ရာဇဝတ်မှု၏ ခြားနားမှု
- လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ရှိမှုအဆင့်ဆင့်

**လေ့လာရသည့်သင်ခန်းစာမှ မည်ကဲ့သို့လုပ်ဆောင်နိုင်မည်လဲဆိုသည်ကို အဖြေရှာခြင်း၊ (၅) မိနစ်**

- ဘာတွေမှတ်မိလဲ?။
- ဒီအကြောင်းအရာတွေကို ဘယ်လိုအသုံးချနိုင်မလဲ?။

လူ့အခွင့်အရေးသည် လူသားအားလုံးနှင့်သက်ဆိုင်သည့် အခွင့်အရေးများဖြစ်သည့်အတွက် မိမိတို့၏ ရပိုင်ခွင့် များကို သေချာစွာသိရှိရန်လိုအပ်သလို လူ့အခွင့်အရေးချိုးဖောက်ခံရပါကလည်း ကျူးလွန်သူများ ချိုးဖောက်လေ့ရှိသည့် ရာဇဝတ်မှုများနှင့်၊ မှတ်တမ်းပြုစုရာတွင် လူ့အခွင့်အရေး ကျူးလွန်ချိုးဖောက်သူများသည် မည်သည့် ရာဇဝတ်မှုများကို မည်သို့ ချိုးဖောက်နေသည် ဆိုသည်ကို သိရှိရန်လိုအပ်သည်။

**စုစုပေါင်း မိနစ် (၁၈၀)**

# အခန်း(၂) မှတ်တမ်းတင်ခြင်း
# မှတ်တမ်းတင်ခြင်းဆိုသည်မှာ အဘယ်နည်း

**ရည်ရွယ်ချက်**

- သတင်းနှင့် မှတ်တမ်းတင်ခြင်းရဲ့သဘောသဘာဝကို နားလည်သဘောပေါက်ရန်
- မှတ်တမ်းတင်ခြင်း၏ ရည်ရွယ်ချက်ကိုသိရန်
- သတင်းအရင်းအမြစ်များရရှိနိုင်သော နေရာများကိုသိရှိရန်
- စောင့်ကြည့်လေ့လာခြင်းနှင့် သတင်း အချက်အလက်ရှာဖွေခြင်းအကြောင်းကို သိရှိရန်
- သက်သေအထောက်အထား ရရှိနိုင်သော နေရာများ ကိုသိရှိရန်
- မှတ်တမ်းတင်ပုံ အဆင့်ဆင့်ကိုသိရှိရန်။

**လှုပ်ရှားမှု – ၁၊ (၂၀) မိနစ်** 

သင်တန်းသားများကို မှတ်တမ်းတင်ခြင်းဆိုသည်မှာအဘယ်နည်း။ မှတ်တမ်းတင် စုဆောင်းဖူးသူများ ရှိပါသလား။ မည်ကဲ့သို့ မှတ်တမ်းတင်ခဲ့ပါသလဲ။ အတွေ့အကြုံများကို ပြောပြပေးပါ။ စသဖြင့် မေးခွန်းမေးခြင်း မှ စတင်ဆွေးနွေးစေပါ။

**အပြန်အလှန်ဆွေးနွေးခြင်း၊ (၃၀) မိနစ်** 

သင်တန်းသားများအား သတင်းနှင့် မှတ်တမ်း ကွာခြားပုံကို အဖွဲ့ ၂ ဖွဲ့ ခွဲပြီး ဆွေးနွေးစေပါ။

အဖွဲ့ ၁– သတင်း၏ လုပ်ငန်းစဉ်၊ သဘောတရားများကဘာလဲ

အဖွဲ့ ၂ – မှတ်တမ်းတင်ခြင်း၏ လုပ်ငန်းစဉ်၊ သဘောတရားများက ဘာတွေလဲ

ရရှိလာသော ဆွေးနွေးချက်များကို ပြန်လည်တင်ပြစေပြီး နည်းပြမှ ဖြည့်စွက်ဆွေးနွေးချက်များပြုလုပ်ရန်။

**အကြောင်းအရာနှင့်ဆက်စပ်၍ ဗဟုသုတပေးခြင်း၊ (၂၀) မိနစ်** 

မှတ်တမ်းတင်ခြင်းနှင့် သတင်း၏ သဘောသဘာဝများအကြောင်း သင်တန်းဆရာမှ ရှင်းပြပါ။

- မှတ်တမ်းတင်ခြင်းဆိုသည်မှာ မှန်ကန်သော အဖြစ်အပျက် သတင်းအချက်အလက်များကို ခိုင်မာသည့် သက်သေ အထောက်အထားများဖြင့် ပြန်လည်အသုံးပြုနိုင်ရန် ရည်ရွယ်ချက်ဖြင့် (ဥပမာ– တရားမျှတမှု ရှာဖွေရန်၊ စည်းရုံးလှုံ့ဆော်ရန်၊ ပြုပြင်ပြောင်းလဲရန်) စုစည်းထား ခြင်းဖြစ်သည်။

- ရည်ရွယ်ချက်၊ ဦးတည်ချက်ရှိသည်
- မှတ်တမ်းက ဟောင်းသွားခြင်းမရှိပါ
- မှတ်တမ်းကို ချဲ့ကားး၍မရ၊ တိတိကျကျဖြစ်ရမည်
- မှတ်တမ်းက အနာဂတ် မျိုးဆက်သစ်များပါ ဖတ်ရှုလေ့လာ သုတေသနပြုနိုင်သည်။

သတင်းဆိုသည်မှာ နေ့စဉ်ဖြစ်ပျက်နေသော ဖြစ်ရိုးဖြစ်စဉ်မဟုတ်ပဲ ထူးခြားသော၊ လူအများစိတ်ဝင်စားသော အကြောင်းအရာများ ဖြစ်သည်။

သတင်းတွင် ကာလသုံးပါးဖြင့် ဖော်ပြလေ့ရှိသည်။

- ကြိုတင်သတင်း၊ အချိန်နှင့် တစ်ပြေးညီ၊ ဖြစ်ပြီးမှဖော်ပြခြင်း။
- သတင်းက ဟောင်းသွားရင် စိတ်ဝင်စားမှု မရှိတော့ပေ။
- သတင်းမှာ အကြောင်းအရာစုံကို ဖော်ပြလို့ရတယ်၊ လူအများသိအောင်ဖော်ပြကြတယ်
- သတင်းက ချဲ့ကားလို့ရတယ်။ (ဥပမာ ၁ – ကိုဗစ်မျိုးကွဲများသည် ယခင်ရှိပြီးသား မျိုးစိတ်များထက်ပိုမို၍ လူ့အသက်အန္တရာယ်ကို ထိခိုက်စေသည်။ ဥပမာ ၂ – ကျေးရွာအတွင်း စစ်သား အင်အားအများအပြားဝင်လာပြီး ရွာရှိ ကလေးငယ်များကို သတ်ပစ်လိုက်ကြသည်)
- သတင်းက အချိန်ကာလ သတ်မှတ်ချက်ရှိတယ်။
- သတင်းက ဘ ၄ လုံးလောက်ပါရုံနှင့် တစ်ခါတရံ ပြည့်စုံသည်။

**Break time ပေးရန် (၅) မိနစ်**



**အပြန်အလှန်ဆွေးနွေးခြင်း၊ (၂၀) မိနစ်**

ဘာကြောင့်မှတ်တမ်းတင်ရန် အရေးကြီးပုံကို သင်တန်းသားများအား အဖွဲ့ (၂) ဖွဲ့ ခွဲပြီး ဆွေးနွေးစေပါ။

အဖွဲ့ (၁) – ဘာကြောင့်မှတ်တမ်းတင်ရန်အရေးကြီးသလဲ။

အဖွဲ့ (၂) – အချက်အလက်တွေကို ဘယ်နေရာမှာ ရှာဖွေလို့ ရနိုင်သလဲ။

အဖွဲ့များကို ဆွေးနွေးစေပြီး ပြန်လည်တင်ပြကာ သင်တန်း ဆရာမှ လိုအပ်သည်များကို ပြန်လည်ဖြည့်ပေးပါ။

- အမှန်တရားရှာဖွေရန်
- တရားမျှတမှုရရှိရန်
- ပြန်လည်ကုစားနိုင်ရန်
- သမိုင်းမှတ်တမ်းရှိရန်
- ချိုးဖောက်မှု လျှော့နည်းလာစေရန်
- သက်သေအဖြစ် အသုံးပြုနိုင်ရန်
- ပြည်သူလူထုကို အသိပညာပေးရန်

**အကြောင်းအရာနှင့်ဆက်စပ်၍ ဗဟုသုတပေးခြင်း၊ (၁၅) မိနစ်**



အချက်အလက်ကောက်ယူရာတွင် အဓိကရယူရန်လိုအပ်သည့် အရင်းအမြစ်များအကြောင်းကို သင်တန်းနည်းပြမှ ရှင်းလင်းတင်ပြရန်။

- တိုက်ရိုက်ရရှိနိုင်သည့် အရင်းအမြစ် (Primary Sources)
  ကျူးလွန်ခံရသူ၊ ကျူးလွန်သူ၊ မျက်မြင်သက်သေ၊ ဓာတ်ပုံ၊ ဗီဒီယို၊ ဂြိုလ်တုသတင်း၊ အစိုးရရုံး မှတ်တမ်းစာရွက်များ၊ အမိန့်စာများ၊ email၊ ရဲစခန်း၊ အကျဉ်းထောင်၊ တရားရုံးမှတ်တမ်း၊ ဆေးရုံမှတ်တမ်း၊ ဆေးစစ်ချက်
- တဆင့်ခံရနိုင်သည့် အရင်းအမြစ် (Secondary Sources)
  ကျူးလွန်ခံရသူ၏ မိသားစု၊ ရွာသူကြီး၊ တဆင့်ကြားသူ၊ မီဒီယာသတင်းများ
- တခြားအရင်းအမြစ်များအဖြစ် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူ့အခွင့်အရေးအဖွဲ့အစည်းများမှ ထုတ်ဝေသည့် အစီရင်ခံစာများ၊ ဘာသာရေး ခေါင်းဆောင်များ၊ ယဉ်ကျေးမှုအဖွဲ့အစည်းများ၊ သက်ဆိုင်ရာ အကြောင်းအရာအလိုက် ကျွမ်းကျင်သူများ စသဖြင့်

**စောင့်ကြည့်လေ့လာခြင်းနှင့် အချက်အလက်ရှာဖွေခြင်း**

**လုပ်ရှားမှု - ၁၊ (၂၀) မိနစ်**



နေရယ်၊ လရယ်၊ အမှန်တရားရယ် ဇာတ်ကား သို့မဟုတ် သင့်တော်ရာ ဗီဒီယို၊ ရုပ်ရှင်မှ ဇာတ်ဝင်ခန်းကို ပြသ၍ (ဥပမာ- George Floyd ၏ လည်ပေါင်းပေါ် ရဲအရာရှိမှ မှ အသက်သေဆုံးသည်အထိ ဒူးထောက်ဖိထားသည့် ဗီဒီယို၊ Spotlight ရုပ်ရှင် စသဖြင့်) အဖွဲ့ (၃) ခု ဖွဲ့ပါ။ ထို့နောက် ဘာဖြစ်တာလဲ၊ ဘယ်သူတွေပါဝင်ပတ်သက်သလဲ၊ စုံစမ်းစစ်ဆေးမယ်ဆိုရင် ဘယ်ကိုအရင်ဆုံး သွားမလဲ၊ ဘာ့ကြောင့်လဲဆိုသည့်မေးခွန်းများကို အဖွဲ့သုံးဖွဲ့စလုံးအား ဆွေးနွေး အဖြေရှာစေပါ။

သတင်းအချက်အလက်စုဆောင်းခြင်းမှာ လိုက်နာရမယ့်အချက် ၃ ချက်

- Assume nothing – အရာအားလုံးကို ကြိုတင်ခန့်မှန်းလို့မရဘူး။
- Believe nothing – အရာအားလုံးကို ကြိုတင်ယုံကြည်လို့မရဘူး။
- Corroborate everything – အရာအားလုံးကို အချက်အလက်ကောက်ခံပြီးမှ အတည်ပြုရမယ်။

**Break time ပေးရန် (၅) မိနစ်**

**အပြန်အလှန်ဆွေးနွေးခြင်း၊ (၁၅) မိနစ်**



သင်တန်းသားများကို သက်သေအထောက်အထား ရရှိနိုင်သော နေရာများနှင့် သက်သေအထောက်အထားက ဘာ ကြောင့်အရေးကြီးလဲကို အဖွဲ့ ၂ စုခွဲပြီးဆွေးနွေးစေပါ။

အဖွဲ့ ၁ – သက်သေအထောက်အထားကို  ဘယ်နေရာမှ ရရှိနိုင်သလဲ။

အဖွဲ့ ၂ – သက်သေအထောက်အထားက ဘာကြောင့်အရေးကြီးသလဲ။

အဖွဲ့လိုက်ဆွေးနွေးပြီးပြန်လည်တင်ပြစေပါ။

## အကြောင်းအရာနှင့်ဆက်စပ်၍ ဗဟုသုတပေးခြင်း၊ (၁၅) မိနစ်

အချက်အလက်ရှာဖွေခြင်းဆိုသည်မှာ_

- လူ့အခွင့်အရေးချိုးဖောက်မှုနှင့် လူသားချင်းစာနာထောက်ထားမှုအခွင့်အရေး ချိုးဖောက်မှု အချက်အလက်များကို ရှာဖွေစုဆောင်းခြင်း
- ဖြစ်စဉ်အချက်အလက်များကို အသေးစိတ်ရှာဖွေ လေ့လာစုံစမ်းခြင်း
- ထင်မြင်ချက်တွေမဟုတ်ဘဲ မှန်ကန်ကြောင်း ရာနှုန်းပြည့် အထောက်အကူဖြစ်စေသည့် သက်သေအထောက်အထားများကို ရှာဖွေစုဆောင်းခြင်း

သက်သေရရှိနိုင်မည့် နေရာများအကြောင်း ဗဟုသုတပေးခြင်း။

- ရုပ်ပိုင်းဆိုင်ရာသက်သေ
- လူသေအလောင်းမှ ရရှိသောသက်သေ
- အစိုးရ စာရွက်စာတမ်းဖိုင်များ
- အသံ၊ ဗီဒီယို၊ ဓာတ်ပုံ
- အခင်းဖြစ်သည့်နေရာ
- မြေပုံ၊ ပစ္စည်းသက်သေ

## အပြန်အလှန်ဆွေးနွေးခြင်း၊ (၁၀) မိနစ်

မှတ်တမ်းတင်ပုံ အဆင့်ဆင့်ကို အောက်ပါအတိုင်း စီစဉ်ထားပြီး မည်သည့်အဆင့်က အရင်ဖြစ်သလဲဆိုသည်ကို သင်တန်းသားများအား စဉ်းစား၍ စဉ်ခိုင်းပါ။

က။ သတင်းအချက်အလက်ရှာဖွေခြင်း

ခ။ သတင်းအချက်အလက်ကို အသုံးပြုခြင်း

ဂ။ အဖြစ်အပျက်

ဃ။ သတင်းအချက်အလက်ကို ပိုင်းခြားစိတ်ဖြာခြင်း

င။ သတင်းအချက်အလက်ကို မှတ်တမ်းပြုစုခြင်းနှင့် သိမ်းဆည်းခြင်း

ဆွေးနွေးချက်များကို မှတ်သားထားပြီး နည်းပြမှ အစီအစဉ်အဆင့်အမှန်ကို ဆွေးနွေးပါ။

**လေ့လာရသည့်သင်ခန်းစာမှ မည်ကဲ့သို့လုပ်ဆောင်နိုင်မလဲ အဖြေရှာခြင်း၊ (၅) မိနစ်**

- လေ့လာခဲ့ရသည်များမှ မည်သည့်ကဏ္ဍကို ပိုမိုသတိပြုမိသလဲ။
- လက်တွေ့တွင် မည်ကဲ့သို့ ပြန်လည်အသုံးချနိုင်မလဲ။
- တရက်တာသင်ခန်းစာများကို ပြန်လည်အနှစ်ချုပ်ဆွေးနွေးပေးခြင်း။

**စုစုပေါင်း မိနစ် (၁၈၀)**

## ရာဇဝတ်မှုမြောက်ကြောင်း ဖော်ပြသည့် အခြေခံအချက်များ

**ရည်ရွယ်ချက်**

- ရာဇဝတ်မှုမြောက်သော အခြေခံ လက္ခဏာရပ်များကို သိရှိနားလည်သိရှိရန်။
- လူတွေ့မေးမြန်းရာတွင် ဆောင်ရန် ရှောင်ရန် စည်းကမ်းချက်များနှင့်အခြေခံ မှတ်တမ်းရေးခြင်းကို သိရှိရန်။

**အပြန်အလှန်ဆွေးနွေးခြင်း၊ (၂၀) မိနစ်**

သင်တန်းသားများ၏ ဒေသများတွင် ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍မည်ကဲ့သို့သော ချိုးဖောက်မှုများ ရှိနေသလဲ၊ ဘယ်သူတွေက ကျူးလွန်နေသလဲဆိုသည်ကို ဆွေးနွေးစေပါ။ ဆွေး နွေးချက်များကို သင်တန်းနည်းပြက စုစည်း၍ ပြန်လည်၍ ဖြည့်စွက်ဆွေးနွေးပါ။

**အကြောင်းအရာနှင့်ဆက်စပ်၍ ဗဟုသုတပေးခြင်း၊ (၂၀) မိနစ်**

ND-Burma မှ ကောက်ယူနေသည့် လူ့အခွင့်အရေးချိုးဖောက်မှု (၁၇) ခု၏ ခေါင်းစဉ်များကို ရှင်းပြပါ။ (Top 17 list အသေးစိတ်ကို နောက်ဆက်တွဲအနေဖြင့် ထည့်သွင်းထားပါသည်)

(၁) သတ်ဖြတ်ခြင်း (Killing)

(၂) အစအနပျောက်ခြင်း (Disappearances)

(၃) မတရားဖမ်းဆီးမှုများ ထိန်းသိမ်းချုပ်နှောင်မှုများ (Arbitrary ikkegal arrest detention)

(၄) ကလေးစစ်သားများ အသုံးပြုမှု (Use Child Soldiers)

(၅) အတင်းအဓမ္မရွှေ့ပြောင်းခံရခြင်း (Forced Relocation)

(၆) မုဒိမ်းပြုကျင့်မှု (Rape)

(၇) အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု (Other Sexual Violence)

(၈) ညှဉ်းပန်းနှိပ်စက်ခြင်း (Torture)

(၉) အဓမ္မလုပ်အားစေခိုင်းမှု (Forced Labour)

(၁၀) လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ပိတ်ပင်ခြင်း (Obstruction Freedom of Movement)

(၁၁) ပစ္စည်းဥစ္စာများကို သိမ်းဆည်းခြင်းနှင့် ဖျက်ဆီးခြင်း (Confiscation Destruction of Property)

(၁၂) အတင်းအဓမ္မ လက်ထပ်စေခြင်း (Forced Marriage)

(၁၃) အတင်းအဓမ္မ ပြည့်တန်ဆာအဖြစ် စေခိုင်းခြင်း (Forced Prostitution)

(၁၄) လူကုန်ကူးရောင်းဝယ်ရေး (Human Trafficking)

(၁၅) လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ စုဝေးခွင့် ထိပါးနှောက်ယှက်မှု (Obstruction of Freedom of Espression Assembly)

(၁၆) အတင်းအဓမ္မ အခွန်ကောက်ခံခြင်း (Taxation, Extortion)



**မှတ်ချက်**

သင်တန်းသားများ၏ ဒေသများတွင် အဖြစ်အများဆုံးသော လူ့အခွင့်အရေး ချိုးဖောက်မှုခေါင်း စဉ်များကို အဓိကထား၍ သက်ဆိုင်ရာ ရာဇဝတ်မှုအဖြစ် သတ်မှတ်နိုင်သည့် အင်္ဂါရပ်များ (Elements of Crime) ကို အသေးစိတ်ဆွေးနွေး ပေးရန်။

### ၁) သတ်ဖြတ်ခြင်း (Killings)

- လူ့အသက်ကို သေစေခြင်း။
- တရားဥပဒေမဲ့ သတ်ဖြတ်ခြင်း။
- အစိုးရ၊ အစိုးရကဲ့သို့ အာဏာစွဲကိုင် လုပ်ဆောင်နေသော အဖွဲ့အစည်းများက ပါဝင်ပတ်သက်ခြင်း။



### ၂) အစအနပျောက်ဆုံးခြင်း (Disappearances)

- တစ်စုံတစ်ယောက်ကို တရားမဝင်ချုပ်နှောင်ခြင်း (သို့) အခြား တပါးသို့ ခေါ်ဆောင်သွားခြင်း
- သဘောဆန္ဒမပါဘဲ ခေါ်ဆောင်သွားခံရခြင်း
- အစအနဖျောက်ခြင်းနှင့် ပတ်သတ်ပြီး အစိုးရ၏ငြင်းပယ်ခြင်း
- အစိုးရ၊ အစိုးရကဲ့သို့ အာဏာစွဲကိုင် လုပ်ဆောင်နေသော အဖွဲ့အစည်းများက ပါဝင်ပတ်သက်ခြင်း။



### ၃) ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူမဆန်စွာ ပြုမူခြင်း (Torture Inhumane Degrading Treatment)

- ရုပ်ပိုင်း၊ စိတ်ပိုင်းအရ ပြင်းထန်စွာနာကျင်စေခြင်း။
- လူမဆန်စွာ ရိုက်နှက်ခြင်း၊ နှိပ်စက်ခြင်း။
- ရည်ရွယ်ချက်ရှိရှိဖြင့် နာကျင်စေခြင်း။
- အစိုးရ၊ အစိုးရကဲ့သို့ အာဏာစွဲကိုင်လုပ်ဆောင်နေသော အဖွဲ့အစည်းများက ပါဝင်ပတ်သက်ခြင်း။



### ၄) အတင်းအဓမ္မ လုပ်အားပေးခိုင်းစေခြင်း (Forced labour)

- လုပ်အား(သို့) ဝန်ဆောင်မှုကို ရယူခြင်း။
- ကာယကံရှင်၏ ဆန္ဒမပါဘဲ အတင်းအဓမ္မ လုပ်ဆောင်ခြင်း။
- အပြစ်ပေးဒဏ်ခတ်ခံရမည်ဟု ခြိမ်းခြောက်ခြင်း။
- အစိုးရ၊ အစိုးရကဲ့သို့ အာဏာစွဲကိုင် လုပ်ဆောင်နေသော အဖွဲ့အစည်းများက ပါဝင်ပတ်သက်ခြင်း။



### ၅) ကလေးစစ်သားအသုံးပြုမှု (Use of Child Soldiers)

- တပ်သားအဖြစ် စုဆောင်းခြင်း(သို့) စစ်တပ်အတွင်း တာဝန်ထမ်းဆောင်စေခြင်း။
- အသက် (၁၈)နှစ်အောက် ဖြစ်ခြင်း။
- တပ်မတော်၊ လက်နက်ကိုင်တပ်ဖွဲ့တစ်ဖွဲ့ဖွဲ့တွင် ပါဝင်စေခြင်း (သို့) စစ်ပွဲတွင် ပါဝင်စေခြင်း။
- အစိုးရ၊ အစိုးရကဲ့သို့ အာဏာစွဲကိုင် လုပ်ဆောင်နေသော အဖွဲ့အစည်းများက ပါဝင်ပတ်သက်ခြင်း။



### ၆) အတင်းအဓမ္မ နေရပ်မှ ရွှေ့ပြောင်းခြင်း (Forced relocation)

- တစ်စုံ တစ်ဦးအား ၎င်း၏နေအိမ်(သို့) မြေနေရာမှ ဖယ်ရှားခံရခြင်း။
- အကြောင်းမဲ့ အတင်းအကျပ် ဖယ်စေခြင်း။
- နိုင်ထက်စီးနင်းပြုခြင်း(သို့) ကာယကံရှင် သဘော ဆန္ဒမပါရှိဘဲ လုပ်ဆောင်ခြင်း။
- အစိုးရ၊ အစိုးရကဲ့သို့ အာဏာစွဲကိုင်လုပ်ဆောင်နေ သော အဖွဲ့အစည်းများက ပါဝင်ပတ်သက်ခြင်း။



### ၇) ပစ္စည်းဥစ္စာများကို သိမ်းဆည်းခြင်းနှင့် ဖျက်ဆီးခြင်း (Confiscation destruction of property)

- ပုဂ္ဂလိကပစ္စည်း ဥစ္စာပိုင်ဆိုင်ခွင့်ကို ချိုးဖောက်ခြင်း။
- တရားဥပဒေမဲ့ လုပ်ဆောင်ခြင်း။
- အစိုးရ၊ အစိုးရကဲ့သို့ အာဏာစွဲကိုင်လုပ်ဆောင်နေသော အဖွဲ့အစည်းများက ပါဝင်ပတ်သက်ခြင်း။



### ၈) မုဒိမ်းကျင့်ခြင်း (Rape)

- လိင်မှု သဘောသဘာဝအရ ရုပ်ပိုင်းဆိုင်ရာ ကျူး လွန်ခံရ ခြင်း/ လိင်အင်္ဂါအတွင်း ထိုးသွင်းခံရခြင်း။
- အတင်းအဓမ္မပြုခြင်း (သို့) ကာယကံရှင် ဆန္ဒမပါခြင်း။
- အစိုးရ၊ အစိုးရကဲ့သို့ အာဏာစွဲကိုင်လုပ်ဆောင်နေ သော အဖွဲ့အစည်းများက ပါဝင်ပတ်သက်ခြင်း။



### ၉) အခြား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများ (Other sexual violence)

- လိင်မှုသဘောသဘာဝအရ ဆောင်ရွက်ခြင်း။
- နိုင်ထက်စီးနင်းပြုမှု (သို့) ကာယကံရှင် သဘော ဆန္ဒမပါခြင်း။
- အစိုးရ၊ အစိုးရကဲ့သို့ အာဏာစွဲကိုင် လုပ်ဆောင်နေသော အဖွဲ့အစည်းများက ပါဝင်ပတ်သက်ခြင်း။



### ၁၀) အတင်းအဓမ္မ ပြည့်တန်ဆာအဖြစ် စေခိုင်းခြင်း (Forced prostitution)

- လိင်ပိုင်းဆိုင်ရာ လုပ်ဆောင်မှုတခုခု လုပ်ဆောင်စေခြင်း။
- နိုင်ထက်စီးနင်းပြုမှု (သို့) ကာယကံရှင်၏သဘောဆန္ဒမပါရှိမှု။
- ငွေကြေး(သို့) တစုံတရာပေးခြင်း။
- အစိုးရ၊ အစိုးရကဲ့သို့ အာဏာစွဲကိုင် လုပ်ဆောင်နေသော အဖွဲ့အစည်းများက ပါဝင်ပတ်သက်ခြင်း။



### ၁၁) အတင်းအကြပ် လက်ထပ်စေခိုင်းခြင်း (Forced marriage)

- နှစ်ဦးနှစ်ဖက် တရားဝင်ပေါင်းဖက်စေခြင်း။
- နိုင်ထက်စီးနင်းပြုခြင်း (သို့) အနည်းဆုံး ကာယကံရှင်၏ သဘောဆန္ဒမပါရှိခြင်း။
- အစိုးရ၊ အစိုးရကဲ့သို့ အာဏာစွဲကိုင် လုပ်ဆောင်နေသော အဖွဲ့အစည်းများက ပါဝင်ပတ်သက်ခြင်း။



### ၁၂) စိတ်ထင်တိုင်း မတရားဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ထိန်းသိမ်းခြင်း (Arbitrary illegal arrest detention)

- တစုံတယောက်အား ဖမ်းဆီးခြင်း (သို့) ချုပ်နှောင်ခြင်း။
- တရားဥပဒေမဲ့ လုပ်ဆောင်ခြင်း။
- ပုဂ္ဂိုလ်ရေး လွတ်လပ်မှုကို ထိခိုက်စေခြင်း။
- အစိုးရ၊ အစိုးရကဲ့သို့ အာဏာစွဲကိုင် လုပ်ဆောင်နေသော အဖွဲ့အစည်းများက ပါဝင်ပတ်သက်ခြင်း။



### ၁၃) လူကုန်ကူးခြင်း (Human trafficking)

- လူတစ်ဦး (သို့) လူအများကိုရောင်းဝယ်ခြင်း။
- နိုင်ထက်စီးနင်းပြုခြင်း (သို့) ကာယကံရှင် သဘောဆန္ဒမပါရှိခြင်း။
- ခေါင်းပုံဖြတ် အမြတ်ထုတ်လိုသည့် ရည်ရွယ်ချက်ရှိခြင်း။
- အစိုးရ၊ အစိုးရကဲ့သို့ အာဏာစွဲကိုင် လုပ်ဆောင်နေသော အဖွဲ့အစည်းများက ပါဝင်ပတ်သက်ခြင်း။



### ၁၄) လွတ်လပ်စွာ လှုပ်ရှားသွားလာမှုကို ကန့်သတ်ခြင်း၊ ပိတ်ပင်ခြင်း (Obstruction freedom of movement)



- လွတ်လပ်စွာ သွားလာလှုပ်ရှားမှုကို ထိပါးနှောက်ယှက်ခြင်း။
- တရားဥပဒေမဲ့လုပ်ဆောင်ခြင်း။
- အစိုးရ၊ အစိုးရကဲ့သို့ အာဏာစွဲကိုင် လုပ်ဆောင်နေသော အဖွဲ့အစည်းများက ပါဝင်ပတ်သက်ခြင်း။

### ၁၅) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုများကို ကန့်သတ်ခြင်း၊ ပိတ်ပင်တားဆီးခြင်း (Obstruction of freedom of expression assembly)



- လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်စွာ စုဝေးခွင့်တို့ကို  ထိပါးနှောက်ယှက်ခြင်း။
- တရားဥပဒေမဲ့ လုပ်ဆောင်ခြင်း။
- အစိုးရ၊ အစိုးရကဲ့သို့ အာဏာစွဲကိုင် လုပ်ဆောင်နေသော အဖွဲ့အစည်းများက ပါဝင်ပတ်သက်ခြင်း။

### ၁၆) စိတ်ထင်တိုင်း အခွန်ကောက်ခံခြင်း (Taxation/ Extortion)




- တစ်ဦး (သို့) ရွာလုံးကျွတ်အား မတရား ဆက်ကြေးကောက်ခံခြင်း။
- နိုင်ထက်စီးနင်းပြုခြင်း။
- ခြိမ်းခြောက်ခြင်း။
- အစိုးရ၊ အစိုးရကဲ့သို့ အာဏာစွဲကိုင် လုပ်ဆောင်နေသော အဖွဲ့အစည်းများက ပါဝင်ပတ်သက်ခြင်း။

**Break time ပေးရန် (၅) မိနစ်**

**လှုပ်ရှားမှု – ၁၊ (၂၀) မိနစ်**



သင်တန်းသားများအား အင်တာဗျူးလုပ်ရာတွင် မည်သည့်အရာများကို မလုပ်သင့်သလဲ၊ မည်သည့်အရာများကို ဆောင်ရွက်သင့်သလဲဆိုသည်ကို ဆွေးနွေးခိုင်းပါ။

ထို့နောက် နည်းပြက ဆွေးနွေးချက်များအပေါ် ဖြည့်စွက်ရှင်းလင်း ဆွေးနွေးပါ။

## အကြောင်းအရာနှင့်ဆက်စပ်၍ ဗဟုသုတပေးခြင်း၊ (၄၀) မိနစ်



## အင်တာဗျူးလုပ်သူ သတိထားရမည့်အချက်များ

- မည်သူ့ကိုမျှ မထိခိုက်စေရ (DO NO HARM)
- ကလေးများ အပါအဝင် စိတ်ဒဏ်ရာခံစားနေရသူများ၏ တုန့်ပြန်မှုကို သတိဖြင့်ရှောင်ကြဉ်ခြင်း (Avoid interaction with traumatized individuals including children)
- တွေ့ဆုံမေးမြန်းခံမည့်သူနှင့် သဘောတူညီချက်များရယူခြင်း (Always Obtain Informed consent)
- တွေ့ဆုံမေးမြန်းခံမည့်သူ၏ မျှော်မှန်းချက်ကို ထိန်းသိမ်းကိုင်တွယ်ခြင်း (Manage expectation)
- မိမိ၏ အခန်းကဏ္ဍကို ရှင်းပြခြင်း (Explain Your Role)
- မလုပ်ပေးနိုင်သည့် အရာများကို ကတိမပေးခြင်း (Do not make promises you can't keep)

## အင်တာဗျူးခြင်း နည်းလမ်းများ

## အင်တာဗျူး အဆင့်(၅)ဆင့်

- ကြိုတင်ပြင်ဆင်ခြင်း (Planning and Preparation)
- အင်တာဗျူးခံရသူနှင့် တိုင်ပင်ဆွေးနွေးခြင်း (Engaging with the Victim/Witness)
- တွေ့ဆုံမေးမြန်းခံရသူ၏ ပြောဆိုချက်များကို ရယူခြင်း (Obtaining the account)
- တွေ့ဆုံမေးမြန်းမှု ပြီးဆုံးခြင်း (Closing the interview)
- အချက်အလက်ပေါ် သုံးသပ်ခြင်း (Conducting an Evaluation)

## အင်တာဗျူးတွင် အသုံးပြုမည့် ကိရိယာများ ပြင်ဆင်ခြင်း

- စာအုပ်၊ ဘောပင်
- အသံဖမ်းစက်၊ ဓာတ်ပုံ/ ဗီဒီယို ကင်မရာ (Recorder, Camera)
- ဦးနှောက် မှတ်ဉာဏ်ဖြင့် မှတ်ခြင်း

## အားနည်းချက်၊ အားသာချက်များ

- ✔ မေးခွန်းပုံစံ၊ စာအုပ်၊ ဘောပင် (မှတ်တမ်းကောင်းရရှိခြင်း၊ အချက်အလက်ပေးသူကို အလေးမထား ရာ ရောက်တတ်ခြင်း၊ အချိန်နှောင့်နှေးမှုရှိခြင်း)
- ✔ အသံဖမ်းစက်၊ ဓာတ်ပုံ/ ဗီဒီယို ကင်မရာ (Recorder၊ Camera) (မှတ်တမ်းကောင်း ရရှိခြင်း၊ လုံခြုံရေး အတွက် စိုးရိမ်ရခြင်း၊ ကာယကံရှင်မှ ခွင့်ပြုချက်မရနိုင်ခြင်း)

- ဦးနှောက်မှတ်ဉာဏ်ဖြင့် မှတ်သားခြင်း (လုံခြုံဘေးကင်းခြင်း၊ မှန်ကန်တိကျမှု အားနည်းနိုင်ခြင်း၊ ချက်ချင်း မချရေးနိုင်ပါက မေ့တတ်ခြင်း)



**မှတ်ချက်**

အွန်လိုင်း/ဖုန်းတို့ဖြင့် မှတ်တမ်းတင်ရာတွင် လိုက်နာဆောင်ရွက်ရမည့် အရာများကိုပါ ထည့်သွင်း ဆွေးနွေးရန်။ VPN ခံရန်၊ ဆင်းကဒ်ကို အလဲအလှယ်လုပ်ရန်။ လုံခြုံရေးကောင်းသည့် Signal စသည့် application များ သုံးခြင်း။

## မှတ်တမ်းပြုစုရေးသားရာတွင် ပါဝင်ရမည့် အခြေခံအချက်များ

- ဖြစ်စဉ်များကို ပြုစုရေးသားခြင်း
- သက်သေထွက်ဆိုချက်များ
- ပါဝင်သူများ၏ ကိုယ်ရေး အကျဉ်း (ကျူးလွန်သူ၊ ကျူးလွန်ခံရသူ၊ မျက်မြင်သက်သေ)
- ဗွီဒီယို၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဆေးမှတ်တမ်း၊ ကျွမ်းကျင်သူများ၏ မှတ်ချက်

## ဘယ်သူ့ကို အင်တာဗျူးမလဲ?

- ရှင်သန်လွတ်မြောက်လာသူ (Survivor/Victim)
- မျက်မြင်သက်သေ (Eye-Witnesses)
- အခြေအနေ သိကျွမ်းနားလည်သူများ (Others with Knowledge of the facts)
- အစိုးရဌာနများမှ တာဝန်ရှိသူများ (Government Official)
- ကျူးလွန်သည်ဟု စွပ်စွဲခံရသူများ (Alleged Perpetrator)
- တဆင့်ကြားသိသူများ (Secondary Sources)

## လူတွေ့မေးမြန်းရာတွင် အလေးထားသတိပြုရမည့်သူများ

### သီးသန့်တွေ့ဆုံရမည့် သူများ

- အထက်ပါ လူအုပ်စုများသည် မိမိတို့သွားရောက်မေးမြန်းသူများမှ အထူးဂရုစိုက် မေးမြန်းရမည့်သူများ ဖြစ်ပြီး ၎င်းတို့ လုံခြုံရေး(သို့) စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းစရာ ထိခိုက်မှုမရှိစေရန် ရည်ရွယ်ထားရသည်။
- အမျိုးသမီးများ – ကျူးလွန်ခံရသူ အမျိုးသမီးများ (အထူးသဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်ခံရသူ) သည် ထိလွယ်ရှလွယ်ဖြစ်ပြီး အခြားအုပ်စုများနှင့် မတူညီသော အနေအထားတွင်ရှိနေ သောကြောင့် သွားရောက်တွေ့ဆုံမေးမြန်းသူများကို အထူးရွေးချယ်ရန် လိုအပ်ပါသည်။ (လိင်ပိုင်းဆိုင်ရာနှင့် ညှဉ်းပန်း

နှိပ်စက်ခံရသည့်အမျိုးသမီးများအတွက် အထူး ရွေးချယ်ရန်လိုသည်)

- ကလေး သူငယ်များ– ကလေးသူငယ်များကို မေးမြန်းသူများသည် ကလေး သဘောသဘာဝ ကို နား လည်သူများ ဖြစ်ရန် လိုအပ်သည်။
- ညှဉ်းပန်းနှိပ်စက်ခံရသူများ– ညှဉ်းပန်းနှိပ်စက်ခံရသူများသည် လုံခြုံမှုမရှိကြောင်း ခံစားနေရသူဖြစ်ပြီး စိုးရိမ်စိတ် အမြဲရှိနေသူများဖြစ်သောကြောင့် စိတ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူများ မေးမြန်းရန် လိုအပ်သည်။
- မသန်စွမ်းများ–မသန်စွမ်းသူများကို မေးမြန်းပြောဆိုရာတွင် ၎င်းတို့ ၏ အားနည်းချက်များကို ထည့်သွင်းပြောဆိုခြင်းမှ ရှောင်ကြဉ်ရန်လိုအပ်သည်။ မသန်စွမ်းအရေး နားလည်သည့် သူများမှ မေးမြန်းရန် လို အပ်သည်။
- စစ်ရှောင်ပြည်သူများ– စစ်ရှောင်များကို မေးမြန်းရာတွင် ၎င်းတို့၏ နေထိုင်မှု၊ စားဝတ်နေရေးနှင့် လုံခြုံမှုဆိုင်ရာ အခြေအနေကို နားလည်သိရှိရန် လိုအပ်သည်။ ၎င်းတို့ကို ထိခိုက်စေမည့် အပြောအဆို အမူအ ရာများကို အထူးဂရုစိုက်ရန်လိုအပ်သည်။
- ကျူးလွန်သူအဖြစ် စွပ်စွဲခံရသူများ– မေးမြန်းသူသည် ဖြေဆိုသူ၏ အချက်အလက်များ လျှို့ဝှက်သိမ်းဆည်းမှုကို အလေးထားရန်လိုအပ်ပြီး မေးမြန်းခံရသူအကြား ယုံကြည်မှုတည်ဆောက်ရန် လိုအပ်သည်။ မေးမြန်းသူသည် လိုအပ်သည့် အချက်အလက်များကို ပြင်ဆင်ရန် လိုအပ်ပြီး ဘက်လိုက်မှုမရှိစေရန် လုပ်ဆောင်သင့်သည်။



**မှတ်ချက်**

တရားဥပဒေအရ အမှုထင်ရှားကြောင်း တရားရုံးမှ စီရင်ချက် မချမ ခြင်း ကျူးလွန်သူဟု စွပ်စွဲခံရသူများအား တရားခံဟု သတ်မှတ်ခြင်း၊ တရားခံကဲ့သို့ ပြုမူ ဆက်ဆံခြင်းမျိုး မပြုလုပ်ရပေ။

**Break time ပေးရန် (၅) မိနစ်**



# မေးခွန်းပြင်ဆင်ခြင်း

**ရည်ရွယ်ချက်**

■ အချက်အလက်ကောက်ယူရာတွင် အဓိကကျသည့် မေးခွန်းများကို စနစ်တကျ ပြင်ဆင်တတ်စေရန်

**လှုပ်ရှားမှု – ၁၊ (၃၀) မိနစ်** 

လက်ရှိ အခြေအနေတွင် ပြည်နယ်နှင့်တိုင်း ဒေသအတွင်း ဖြစ်ပွားလေ့ရှိသော လူ့အခွင့်အရေး ချိုးဖောက်မှုများ ကို ဖော်ထုတ်ပြီး မှတ်တမ်းတင်ခြင်းကို အဖွဲ့လိုက်လုပ်ဆောင်သွားရန်။

သင်တန်းသားများအား Top 17 list တွင် ပါဝင်သည့် မတူညီသော ဖြစ်ရပ် (၃) ခုကို ရွေးချယ်ပြီး အဖွဲ့ (၃) ခု ဖွဲ့၍ မေးခွန်းတစ်စုံစီ ပြင်ဆင်စေပါ။ ဆွေးနွေးချက်များကို ပြန်လည်တင်ပြစေပြီး လိုအပ်သည်များကို နည်းပြက ဖြည့်စွက်ပါ။

**အကြောင်းအရာနှင့်ဆက်စပ်၍ ဗဟုသုတပေးခြင်း၊ (၂၀) မိနစ်** 

အင်တာဗျူးစဉ် မေးခွန်းမေးမြန်းရာတွင် အထက်ပါ သတိပြုရမည့် အချက်များ အပြင် အပိတ်မေးခွန်း၊ ဦးဆောင်မေးခွန်းများ မေးခြင်း၊ နိမိတ်ပြမေးခွန်းများမေးခြင်း မပြုလုပ်ဘဲ အဖွင့်မေးခွန်း/ ဘ (၆)လုံးဖြင့် စတင်မေးမြန်းပြီး ဆက်စပ်မေးခွန်းများ ဆက်လက်မေးမြန်းရပါမည်။

- ဘယ်လိုချိုးဖောက်မှု အမျိုးအစားလဲ? (Top–17,Crimes) (What?)
- ဘယ်သူက ချိုးဖောက်တာလဲ? (အမည်၊ ရာထူး၊ တပ်) (Who?)
- ဘယ်သူ့ကို ကျူးလွန်တာလဲ? (to Whom?)
- ဘယ်ချိန်မှာ ကျူးလွန်တာလဲ? (When?)
- ဘယ်နေရာမှာ ကျူးလွန်တာလဲ? (Where?)
- ဘယ်လိုပုံစံ ချိုးဖောက်သွားလဲ? (How?)
- ဘယ်လို လက်နက်မျိုးနဲ့ လူအင်အား ဘယ်လောက် အသုံးပြုလဲ?
- ဖြစ်စဉ်မှာ မျက်မြင်သက်သေရှိလား?
- ဆက်စပ်မေးမြန်းခြင်း.........

**လက်တွေ့အဖြစ်နှင့်နှိုင်းယှဉ်ဆက်စပ်ပေးခြင်း၊ (၁၅) မိနစ်** 

- ပြင်ဆင်လိုက်သည့် မေးခွန်းတွေက လက်တွေ့ အင်တာဗျူးဖို့အတွက် ဘယ်အချက်တွေ ထပ်ဖြည့်ဖို့ လိုအပ်ဦးမလဲ။

- လက်တွေ့အင်တာဗျူးတဲ့အခါမှာ ဘယ်လိုမေးခွန်းတွေကို အဓိကထားပြီး မေးသင့်သလဲ။ ဘာကြောင့်လဲ။

ထို့နောက် သင်တန်းသားများရဲ့ မေးခွန်းများကို မေးခွန်းတစ်စုံ ထွက်လာသည်အထိ ပြင်ပြီး သင်ခန်းစာများနှင့် အင်တာဗျူးလုပ်ငန်းစဉ်များနှင့် ချိတ်ဆက်ဆွေးနွေးပြီး အနှစ်ချုပ်ပေးပါ။

လေ့လာရသည့်သင်ခန်းစာမှ မည်ကဲ့သို့လုပ်ဆောင်နိုင်မလဲ အဖြေရှာခြင်း၊ (၅) မိနစ်

- သင်တန်းသားများ၏ လက်ရှိပတ်ဝန်းကျင်အခြေအနေတွင် မည်ကဲ့သို့သော လူ့အခွင့်အရေး ချိုး ဖောက်ခံနေရသူများ ရှိပါသလဲ။
- ထိုသူတို့ဆီက အချက်အလက်ကောက်ယူဖို့ ဘာတွေ ဆောင်ရွက်သင့်သလဲ။

**စုစုပေါင်း မိနစ် (၁၈၀)**

# အမြင်ဆိုင်ရာ အချက်အလက်များကောက်ယူစုဆောင်းခြင်း

**ရည်ရွယ်ချက်**

- ■ အမြင်ဆိုင်ရာ အချက်အလက်များကောက်ယူစုဆောင်းမည့် နည်းလမ်းများ သိရှိနားလည်စေရန်
- ■ အချက်အလက်များ အရေးကြီးသည့်အကြောင်း သိရှိနားလည်လာစေရန်
- ■ ကျူးလွန်သူများ၏ အချက်အလက်ကောက်ယူခြင်းဆိုင်ရာ အကြောင်း သိရှိနားလည်စေရန်

လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းနှင့် ပတ်သက်ဆက်နွယ်နေသည့် အချက်အလက်များ ကောက်ယူပြုစုခြင်းသည် အရေးကြီးသည့် အရာတစ်ခုဖြစ်သည်။ နစ်နာဆုံးရှုံးသူများအတွက် အမှန်တရားနှင့် တရားမျှတမှုရရှိစေရန် ဖော်ဆောင်ရာတွင် တိကျမှန်ကန်မှုရှိပြီး သက်သေအထောက်အထားများ ခိုင်လုံသည့် မှတ်တမ်းဖြစ်ရန် လိုအပ်သည်။

**လှုပ်ရှားမှု – ၁၊ (၂၀) မိနစ်**

သင်တန်းသားများကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ အောက်ပါမေးခွန်းတစ်ခုစီကို ဆွေးနွေးစေပါ။

အဖွဲ့ (၁) – အမြင်ဆိုင်ရာ အချက်အလက်များ ကောက်ယူပြုစုရန် ဘာကြောင့်အရေးကြီးတာလဲ။

အဖွဲ့ (၂) – ဘယ်လိုအချက်အလက်တွေကို ကောက်ယူပြုစုထားဖို့ လိုအပ်သလဲ။

အဖွဲ့လိုက်ပြန်လည်တင်ဆက်စေပြီး ဦးဆောင်သူမှ ပြန်လည် အနှစ်ချုပ်ဆွေးနွေးပေးပါ။

**အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း၊ (၃၀) မိနစ်**

အချက်အလက်များကောက်ယူရာတွင် – မူလသတင်းရင်းမြစ်ဖြစ်သည့်

- ကျူးလွန်ခံရသူ
- မျက်မြင်သက်သေ
- ကျူးလွန်ခဲ့သူ
- ဓါတ်ပုံ နှင့် ရုပ်သံမှတ်တမ်းများ
- အခင်းဖြစ်ပွားရာမြေပုံမှတ်တမ်း
- ဆေးမှတ်တမ်းနှင့် တရားဝင် (ဥပဒေဆိုင်ရာ)မှတ်တမ်းများ
- ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားများ

**Break time ပေးရန် (၅) မိနစ်**



**လှုပ်ရှားမှု – ၂၊ (၁၅) မိနစ်**

- ကျူးလွန်သူများ အချက်အလက် ရှာဖွေ စုဆောင်းရာတွင် ကြုံတွေ့နိုင်သည့် စိန်ခေါ်မှု အခက်အခဲများ ဘာတွေရှိနိုင်မလဲ။
- သင်တန်းသားများ၏ ဆွေးနွေးမှုအပေါ် ဦးဆောင်သူမှ ပြန်လည်အနှစ်ချုပ် ဖြည့်စွက်ပေးပါ။

**အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း၊ (၃၀) မိနစ်**



**ကျူးလွန်သူများ၏ အချက်အလက်များကို ကောက်ယူခြင်း**

လူ့အခွင့်အရေးချိုးဖောက်ခံရသည့် အရပ်သားများ၊ နစ်နာဆုံးရှုံးသူများအတွက် အမှန်တရားနှင့် တရားမျှတမှု ဖော်ဆောင်ရာတွင် အချက်အလက် မှန်ကန်တိကျရန် လိုအပ်သည့်အပြင် ကျူးလွန်သူများ၏ အချက်အလက်များကိုလည်း ပြုစုရန်အရေးကြီးသည်။ ကျူးလွန်သူများ၏ အချက်အလက်များ ကောက်ယူပြုစုခြင်းသည် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်သော်လည်းကောင်း၊ အပြစ်ပေးအရေးယူခြင်းမှ ကင်းလွတ်ခွင့်ရနေသည့် ဓလေ့အဆုံးသတ် တိုက်ဖျက်ရန်အတွက်လည်း အထောက်အကူဖြစ်စေသည်။

ကျူးလွန်သူများ၏ အချက်အလက်ကို ရရှိစေရန်အတွက် သက်ဆိုင်ရာနယ်မြေအတွင်း လှုပ်ရှားနေသည့် စစ်ကြောင်းများ၊ တပ်ရင်း၊ (ခလရ၊ ခမရ)၊ တပ်မ၊ ဗျူဟာ၊ နယ်မြေခံတပ် (ဥပမာ– ရမခ၊ တြိဂံတိုင်း) စသဖြင့် သိထားရန် လိုအပ်ပြီး စစ်တပ်စစ်အင်္ဂါစဉ်များ ပြုစုထုတ်ဝေသည့် အဖွဲ့အစည်းများမှ ထုတ်ဝေသည့် စာအုပ် စာတန်းများအားလည်း လေ့လာရန်လိုအပ်သည်။ စစ်တပ်တွင် နယ်မြေခံ တပ်ရင်း၊ တပ်မအလိုက်၊ ကျွမ်းကျင်မှု အလိုက် (ဆက်သွယ်ရေး၊ ဆေး၊ အမြောက် စသဖြင့်) အသုံးပြုသည့် လက်မောင်းတံဆိပ်များ၊ ရာထူး အဆင့်အတန်းများကိုလည်း လေ့လာသိရှိထားလျှင် တွေ့ဆုံမေးမြန်းသည့်အခါ ကျူးလွန်သူများထံမှ ရရှိသည့် အချက်အလက်များနှင့် ပေါင်းစပ်ပြီး အနီးစပ်ဆုံး ခန့်မှန်းနိုင်သည်။ ထို့အပြင် Social media များတွင် တင်ထား သည့် ဗီဒီယို၊ ဓာတ်ပုံများ

ကိုကြည့်၍လည်း ကျူးလွန်သူများ၏ အချက်အလက်ကို ခန့်မှန်းနိုင်သည် (လက်မောင်း တံဆိပ်၊ ကိုင်ဆောင်သည့် လက်နက်၊ ပြောဆိုသည့် စကား)

**Break time ပေးရန် (၅) မိနစ်**

# အန္တရာယ်ဖြစ်စေနိုင်သော အခြေအနေများ

**ရည်ရွယ်ချက်**

- အချက်အလက်မှတ်တမ်းယူရာတွင် ကြုံတွေ့ရနိုင်သည့် အခက်အခဲနှင့် အန္တရာယ်များကို ကြိုတင် အကဲ ဖြတ်နိုင်ရန်။
- ထိုကဲ့သို့ အန္တရာယ်များကြုံလာရပါက မည်ကဲ့သို့ အဖြေရှာဆောင်ရွက်သင့်သည်ကို စီမံဆောင်ရွက် နိုင်ရန်။

ကျူးလွန်သူများ၏ အချက်အလက်များ ပြုစုရာတွင် မိမိအတွက်သော်လည်းကောင်း အဖွဲ့အစည်းအတွက် သော်လည်းကောင်း အန္တရာယ်ကျရောက်နိုင်သည်။ ထို့ကြောင့် ကျရောက်လာမည့် အန္တရာယ်လျော့နည်းလာ စေ ရန် အချက်အလက်ဆိုင်ရာ အဓိကအချက်များ၊ အချက်အလက်လုံခြုံမှုနှင့် ခရီးသွားခြင်းဆိုင်ရာ လုံခြုံမှု များလည်း သိထားရန် လိုအပ်သည်။

**လှုပ်ရှားမှု – ၁၊ (၂၀) မိနစ်**

သင်တန်းသားများကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ အောက်ပါမေးခွန်းများကို အဖွဲ့ငယ်အတွင်း ဆွေးနွေးအဖြေရှာစေပါ။

အဖွဲ့ (၁) – အချက်အလက်များ ကောက်ယူစုဆောင်းရာတွင် မည်သည့်အန္တရာယ်များ ရင်ဆိုင်ကြုံတွေ့ရနိုင်သလဲ။

အဖွဲ့ (၂) – အန္တရာယ်များ ရင်ဆိုင်ကြုံတွေ့ရပါက ဖြေရှင်းဆောင်ရွက်ရန် မည်သည့်အစီအစဉ်များကို ကြိုတင် ချမှတ်ထားသင့်သလဲ။

**အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း၊ (၃၀) မိနစ်**

- တိုက်ခိုက်ခံရနိုင်/ အငြိုးထားခံရနိုင်၊
- မတရားဖမ်းဆီးထိန်းသိမ်းခြင်း/ ညှင်းပန်းနှိပ်စက်ခြင်း/
- မတရားသည့် ပြစ်မှုဆိုင်ရာ ဥပဒေများနှင့်တရားစွဲဆိုခြင်း/ ထောင်ချခြင်း နှင့် အသတ်ခံရနိုင်ခြင်း
- လူမျိုးစု ပဋိပက္ခဖြစ်လာနိုင်
- အမုန်းတရားတိုးလာနိုင်

**အဓိကကျသည့်အချက်/စည်းမျဉ်းများ**

- ရာနှုန်းပြည့်လုံခြုံမည်ဟု အာမခံချက်မရှိ။
- လုံခြုံရေးအရ တာဝန်ယူမှုကို မျှဝေခြင်း
- သတင်းမပေါက်ကြားစေရေး။

**အခြေခံသတင်းအချက်အလက်လုံခြုံမှု**

- အရေးကြီးသည့် သတင်းအချက်အလက်များကို သေချာစွာသိမ်းဆည်းထားရန် (အလွယ်မထားရန်)၊ ဖြစ်နိုင်ပါက အချက်အလက်များ ထည့်သွင်းရန် တည်ဆောက်ထားသည့် Database များအတွင်း ထည့်သွင်းရန် (ဥပမာ–Tella, Uwazi စသဖြင့်)
- အခြေအနေပေါ်မူတည်၍ ကိုယ်ရေးအချက်အလက်နှင့် ဖြစ်စဉ်များကို သီးသန့်ခွဲခြားသိမ်းဆည်းရန်။
- အသုံးပြုပြီးသား စာရွက်စာတမ်းများအား ဖျက်ဆီး / မီးရှို့ပစ်ရန်။ (အလွယ်မပစ်မိစေရန်)

**ခရီးသွားခြင်းနှင့် ကိုယ်ရေးအချက်အလက်လုံခြုံရေး ဂရုပြုရန်**

- ကိုယ်ရေးကိုယ်တာအချက်အလက်များနှင့် သတင်းအချက်အလက်များအား သီးခြားစီ လျှို့ဝှက်ကုဒ်ဖြင့် သိမ်းဆည်းရန်။
- မည်သည်က လုံခြုံရေးဆိုင်ရာလျှို့ဝှက်ချက်ဖြစ်သည် မည်သည်က လုံခြုံရေးဆိုင်ရာ သတင်းအချက်အလက်ဖြစ်သည်တို့ကို ဆုံးဖြတ်ခွဲခြားရန်။
- သတင်းအချက်အလက်များကို စကားဝှက်ဖြင့် ကာကွယ်ရန်၊ အသုံးပြုသည့်စကားဝှက်များကို သေချာမှတ်ထားပြီးသိမ်းဆည်းရန်၊ စကားဝှက်များ မမေ့လျော့စေရန်။
- မိမိ၏ဖုန်း၊ လက်ဆွဲကွန်ပျူတာ (laptop), အသံဖမ်းစက်များအား သေချာစွာ ဂရုစိုက်ရန်။
- ဖုန်း၊ လက်ဆွဲကွန်ပျူတာ (laptop) များအား လုံခြုံမှုအားကောင်းသည့် စကားဝှက်များ ထားရှိရန်။
- ဖုန်း၊ လက်ဆွဲကွန်ပျူတာ (laptop) များရှိ အရေးကြီးအချက်အလက်များအား လုံခြုံစိတ်ချရသည့် နေ ရာသို့ ပေးပို့သိမ်းဆည်းပြီးပါက ချက်ခြင်းဖျက်ပစ်ရန်။

**သတင်းအချက်အလက်များအားသေချာစွာ စီမံခန့်ခွဲခြင်း**

- စုဆောင်းခြင်း
- ဖိုင်ခွဲခြင်း
- သိမ်းဆည်းခြင်း
- မိမိသွားရောက်မည့်ဒေသ၏ ပထဝီအခြေအနေ၊ သမိုင်းကြောင်းများအား ကြိုတင်လေ့လာဆန်းစစ်ခြင်း

- မိမိအဖွဲ့အစည်းနှင့် အခြားစိတ်ချရသောသူများအား အသိပေးထားခြင်း
- စိတ်ပိုင်းဆိုင်ရာအတွက် ပြင်ဆင်ထားခြင်း
- အလုပ်အရင်းအမြစ်များအား ကြိုတင်စီစဉ်ထားခြင်း
- ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့်သတင်းမီဒီယာများအား ချိတ်ဆက်ထားခြင်း

**လက်တွေ့ဖြစ်ရပ်များနှင့် နှိုင်းယှဉ်ဆက်စပ်ပေးခြင်း၊ (၂၀) မိနစ်**

သင်တန်းသားများကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ အောက်ပါ မေးခွန်းများကို ဆွေးနွေးအဖြေရှာစေပါ။

အဖွဲ့ ၁– အမြင်ဆိုင်ရာ အချက်အလက်များကို မည်သည့်နေရာများတွင် ရှာဖွေတွေ့ရှိ ကောက်ယူနိုင်မည်လဲ။

အဖွဲ့ ၂ – ကောက်ယူရရှိသည့် အချက်အလက်များကို မည်ကဲ့သို့ စနစ်တကျ သိမ်းဆည်းမည်လဲ။

ဆွေးနွေးချက်များကို တစ်ဖွဲ့ချင်းစီပြန်လည်တင်ပြစေပြီး လိုအပ်သည်များကို နည်းပြမှ ဖြည့်စွက်ဆွေးနွေးပါ။

**လေ့လာရသည့်သင်ခန်းစာမှ မည်ကဲ့သို့လုပ်ဆောင်နိုင်မလဲ အဖြေရှာခြင်း၊ (၅) မိနစ်**

- ဘာတွေလေ့လာ သိရှိခဲ့ရသလဲ။

**စုစုပေါင်း မိနစ် (၁၈၀)**

# အခန်း(၃) နိုင်ငံတကာဥပဒေနှင့် တရားစီရင်ရေး ယန္တရားများ
# နိုင်ငံတကာ ဥပဒေများ

**ရည်ရွယ်ချက်**

- လူ့အခွင့်အရေးနှင့်သက်ဆိုင်သော နိုင်ငံတကာဥပဒေများကို သိရှိနားလည်လာစေရန်။

မှတ်တမ်းတင်ခြင်းနှင့်ပတ်သက်ပြီး အသေးစိတ်လေ့လာမှုများ၊ လေ့ကျင့်မှုများ လုပ်ခဲ့ကြသည်။ မည်သည့်အတွက်ဆိုသော် လူ့အခွင့်အရေးချိုးဖောက်မှုများသည် တကယ်ဖြစ်ခဲ့သည့် ဖြစ်ရပ်များဆိုသည်ကို သက်သေပြနိုင်ရန်၊ ကျူးလွန်သည့်သူများ ပြစ်ဒဏ် ကင်းလွတ်ခွင့် အလေ့အထကို တိုက်ဖျက်၍ တာဝန်ယူ တာဝန်ခံမှုရှိစေ ရန်၊ အတိတ်ကာလမှ နစ်နာခံစားရသူသူများအတွက် အမှန်တရားနှင့် တရားမျှတမှုကို ရှာဖွေပေးနိုင်ရန်ဖြစ် သည်။ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကိုင်တွယ်ဆောင်ရွက်ရန်အတွက် နိုင်ငံတကာမှ ပြဋ္ဌာန်းထားသည့် ဥပဒေများကို လေ့လာ သိရှိထားရန် လိုအပ်သည်။

**လှုပ်ရှားမှု – ၁၊ (၂၀) မိနစ်** 

သင်တန်းသားများကို နိုင်ငံတကာ လူ့အခွင့်အရေးနှင့်သက်ဆိုင်သော ဥပဒေများ၊ မြန်မာနိုင်ငံမှ လက်မှတ်ထိုးထားသည့် နိုင်ငံတကာဥပဒေများကို ဆွေးနွေးစေပါ။

**အပြန်အလှန်ဆွေးနွေးခြင်း၊ (၂၀) မိနစ်** 

သင်တန်းသားများကို အဖွဲ့နှစ်ဖွဲ့ခွဲပါ။ ထို့နောက်အောက်ပါ မေးခွန်းနှစ်ခုကို အဖွဲ့လိုက်ဆွေးနွေးစေပါ။

- ဒီဥပဒေတွေကို ဘယ်နေရာတွေမှာ အသုံးချလို့ရနိုင်မလဲ။
- ဒီဥပဒေတွေက ဘယ်လောက်ထိ မြန်မာနိုင်ငံအတွက် အသုံးတည့်နိုင်သလဲ။

ဆွေးနွေးချက်များကို အဖွဲ့လိုက်ပြန်လည်တင်ပြစေပါ။

**အကြောင်းအရာနှင့်ဆက်စပ်၍ ဗဟုသုတပေးခြင်း၊ (၃၀) မိနစ်** 

လူ့အခွင့်အရေးချိုးဖောက်မှုတွေ မပြုလုပ်နိုင်စေဖို့ ကြိုတင်တားမြစ်၊ ကာကွယ်ထားတဲ့ နိုင်ငံတကာ ဥပဒေတွေ အများအပြားရှိပါတယ်။ အဲ့ဒီဥပဒေအမျိုးအစားများက

- နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ၊
- နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေ
- နိုင်ငံတကာ ရာဇဝတ်ဥပဒေ ဆိုပြီး (၃) မျိုးခွဲခြား ထားပါတယ်။

(၁) နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေက လူ့အခွင့်အရေးအခြေခံမူပေါ်မှာ အဓိကထားပြီး လူ့အခွင့်အရေး ဆုံးရှုံးနစ်နာခံစားမှုတွေ မရှိရအောင် ပြဌာန်းထားသည့် ဥပဒေများဖြစ်သည်။

(၂) နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေက အဓိကအားဖြင့် စစ်မက်ဖြစ်ပွားနေချိန်တွင် လိုက်နာစောင့်ထိန်းရမည့် အရာများကို ပြဌာန်းထားသည့် ဥပဒေဖြစ်သည်။

(၃) နိုင်ငံတကာ ရာဇဝတ်ဥပဒေက လူသားများအပေါ် ကြီးလေးသည့် ရာဇဝတ်မှုများ ကျူးလွန်သူများအား နိုင်ငံတကာရာဇဝတ်ခုံရုံးတွင် တရားစွဲဆို အပြစ်ပေးအရေးယူနိုင်စေရန် ပြဌာန်းထားသည့် ဥပဒေဖြစ်သည်။

**Break Time ပေးရန် (၅) မိနစ်** 

# တရားစီရင်ရေးယန္တရားများ

**ရည်ရွယ်ချက်**

- လူ့အခွင့်အရေးချိုးဖေါက်မှု ကျူးလွန်ခဲ့သူများကို တရားစွဲဆိုအရေးယူနိုင်သည့် နိုင်ငံတကာ တရားစီရင်ရေး ယန္တရားများအကြောင်း သိရှိလာစေရန်။

**အပြန်အလှန်ဆွေးနွေးခြင်း၊ (၂၀) မိနစ်** 

လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍ တားမြစ်ပိတ်ပင်ထားသည့် နိုင်ငံတကာ ဥပဒေများ ရှိနေသော်လည်း ချိုးဖောက်မှုများ၊ ကျူးလွန်မှုများ ရှိနေကြသည့်တွက် ကျူးလွန်သူများအား တရားစွဲဆို အပြစ်ပေးအရေးယူနိုင်ရန် ကုလသမဂ္ဂ၏ ယန္တရားအပါအဝင် သီးခြားလွတ်လပ်သည့် နိုင်ငံတကာတရားရုံးများရှိသည်။ တရားစွဲဆိုသည့်လုပ်ငန်းစဉ်များ ဆောင်ရွက်သည့်အခါအကန့်အသတ်များကို ထည့်သွင်းစဉ်းစားရန်လည်း အရေးကြီးသည်။

**Discussion:** သင်တန်းသားများကို အောက်ပါမေးခွန်းများမေး၍ ဆွေးနွေးစေပါ။

- ရိုဟင်ဂျာများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် မြန်မာနိုင်ငံကို ICC က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေပါသလား။
- ICC က ရိုဟင်ဂျာအရေးအပေါ် ဆောင်ရွက်သော်လည်း မြန်မာနိုင်ငံ တခြားဒေသများတွင် ဖြစ်ပွားနေသော ရာဇဝတ်မှုများအတွက် ဘာကြောင့် တရားစွဲဆို၊ စုံစမ်းစစ်ဆေးမှုတွေ မလုပ်သလဲ။
- အဘယ်ကြောင့် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံကို ICJ တွင် တရားစွဲနိုင်ခွင့် ရှိသနည်း။
- အာဂျင်တီးနားနိုင်ငံတွင် မြန်မာနိုင်ငံနှင့် ပတ်သက်၍ Universal Jurisdiction ဆောင်ရွက်နေသည့် အခြေအနေ (လိုအပ်ပါက)

**အကြောင်းအရာနှင့်ဆက်စပ်၍ ဗဟုသုတပေးခြင်း၊ (၃၀) မိနစ်**

နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရ သို့မဟုတ် ကုလသမဂ္ဂထံ အစီရင်ခံတင်ပြရန်၊ နိုင်ငံတကာ တရားရုံးများတွင် သက်သေအဖြစ် တင်ပြရန် စနစ်တကျဖြစ်ရန် လိုအပ်သည်။ ကုလသမဂ္ဂနှင့် နိုင်ငံတကာ၏ လူ့အခွင့်အရေးချိုး ဖောက်မှုဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်များနှင့် အညီ ဖြစ်ရမည်။ ထို့ကြောင့် နိုင်ငံတကာ လုပ်ထုံးလုပ်နည်း ယန္တရားများနှင့် ချိတ်ဆက်ဆောင်ရွက်သည့်အခါ ထိရောက် ကောင်းမွန်ပြည့်စုံသည့် အချက်အလက်များ ရရှိရန် အပ်သည်။

လူ့အခွင့်အရေးချိုးဖောက်မှုများ၊ လူသားများအပေါ် ကျူးလွန်သည့် ဆိုးရွားရက်စက်သော ရာဇဝတ်မှုများ အတွက် တရားစွဲဆိုနိုင်သည့် နိုင်ငံတကာတရားရုံးများမှာ–

- နိုင်ငံတကာ တရားရုံး (ICJ)
- နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC)
- အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်မှု (UJ) နှင့် အခြားပေါင်းစပ်ဖွဲ့စည်းနိုင်သည့် တရားရုံးများ ရှိသည်။

ဒ့ါအပြင် မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို စောင့်ကြည့်လေ့လာ မှတ်တမ်းတင်ရန် ကုလသမဂ္ဂမှ ဖွဲ့စည်းပေးထားသည့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား (IIMM) အနေနှင့်လည်း ကျူးလွန်သူများကို တရားစွဲဆိုနိုင်ရေးအတွက် အမှုတွဲဖိုင်များကို ပြင်ဆင်နေသည့် လုပ်ငန်းစဉ် များ ရှိသည်။

**Break Time ပေးရန် (၅) မိနစ်**

**လက်တွေ့ဖြစ်ရပ်နှင့် နှိုင်းယှဉ်ဆက်စပ်ပေးခြင်း (Deepening) (၃၀) မိနစ်**

သင်တန်းသားများကို အုပ်စု ၃ စု ခွဲပါ။ အောက်ပါ မေးခွန်းများအား ဆွေးနွေးစေပါ။

အဖွဲ့ ၁ – IIMM က မြန်မာနိုင်ငံအတွက် အကျိုးရှိနိုင်မည်ဟု ယူဆပါသလား။ ဘာကြောင့်ပါလဲ။

အဖွဲ့ ၂ – လူ့အခွင့်အရေးချိုးဖေါက်မှုများ ထပ်မံမဖြစ်ပွါးရန် ဘာတွေ လုပ်ဆောင်ဖို့ လိုသလဲ။

အဖွဲ့ ၃ – တရားမျှတမှုရရှိစေရန် ကျူးလွန်သူများကို မည်သည့်နည်းလမ်းတွေနဲ့ ဖြေရှင်းလုပ်ဆောင်သင့်သလဲ။

သင်တန်းသားများကို အဖွဲ့လိုက် ပြန်လည်တင်ပြစေပါ။ ထို့နောက် လိုအပ်သည်များကို နည်းပြက ဖြည့်စွက်ဆွေးနွေးစေပါ။

**လေ့လာရသည့်သင်ခန်းစာမှ မည်ကဲ့သို့လုပ်ဆောင်နိုင်မလဲ အဖြေရှာခြင်း၊ (၂၀) မိနစ်**

မည်ကဲ့သို့ ပါဝင်လုပ်ဆောင်နိုင်မည်လဲဆိုသည်ကို အဖြေရှာခြင်း

- ပြစ်ဒဏ်မှကင်းလွတ်ခွင့်ရနေသည့် ဓလေ့ဆိုးကို တိုက်ဖျက်ရန်၊ ကျူးလွန်သူများကို အပြစ်ပေးအရေးယူ

နိုင်ရန်၊ တာဝန်ယူမှု တာဝန်ခံမှု ရှိလာစေရန်အတွက် နိုင်ငံတကာဥပဒေများ၏ ပြဋ္ဌာန်းချက်များနှင့်အတူ တရားရုံးများတွင် သက်သေအထောက် အထား ခိုင်လုံစွာဖြင့် သက်သေတင်သွင်းနိုင်ရမည်။

- ကျူးလွန်ခံရသူများကိုလည်း နစ်နာခဲ့ရမှုများအတွက် တစ်စုံတရာပြန်လည်ကုစားပေးနိုင်ရမည်။

## လိုအပ်သည့် ပစ္စည်းများ

- နိုင်ငံတကာလူသားချင်းစာနာထောက်ထားသည့်ဥပဒေ (International Humanitarian Law) အတွက် ICRC ၏ ဗီဒီယို နှစ်ခု။